# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# နေပြည်တော်

Myanmar New Hope Farms Co., Ltd. က ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် တိရစ္ဆာန် အစားအစာ ထုတ်လုပ်ခြင်းလုပ်ငန်း၏ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ၏

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်**

**(Environmental Compliance Certificate – ECC)**

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၄ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၇၆၅ ) ရက်စွဲ ။ ၂၀၂၄ ခုနှစ် ၊ မတ်လ ၁၄ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/ ၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/ ၂၀၁၅) တို့အရ နောက်ဆက်တွဲ (က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ)ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်–

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | – Mr. Yonghao Liu<br>Director |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | – Myanmar New Hope Farms Co., Ltd.၊<br>ဥဿာ (၅) ရပ်ကွက်၊ ညောင်အင်းကျေးရွာ၊ တိုက်ကြီး– ပဲခူးလမ်း၊ အမှတ် (၃၃)၊ ပဲခူးမြို့နယ်၊ ပဲခူးခရိုင်၊ ပဲခူးတိုင်းဒေသကြီး<br>09 257593295, wumaolin731106@126.com<br>2653483830@qq.com |
| (ဂ) | **စီမံကိန်းအမျိုးအစား** | – တိရစ္ဆာန်အစာထုတ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | – ၆၀ နှစ် |
| (င) | **စီမံကိန်း၏ အရွယ်အစား** | – ၅.၇၉ ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | – ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အမှတ် (၃၃)၊ တိုက်ကြီး– ပဲခူးလမ်း၊ ညောင်အင်း ကျေးရွာ၊ ဥဿာ (၅) ရပ်ကွက် |
| (ဆ) | **ECC သက်တမ်း** | – (၅)နှစ်<br>စတင်ထုတ်ပေးရက် – ၁၁–၁–၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် – ၁၀–၁–၂၀၂၉ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ အမျိုးအစား** | ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ |

(ဈ) **အတည်ပြုအစီရင်ခံစာ** – Myanmar New Hope Farms Co., Ltd. ၏ ၂၁-၁၁-ရက်စွဲပါ ၂၀၂၃တင်ပြစာ

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်–

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့်တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင်စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည့်ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၃။ အထက်ဖော်ပြပါ စည်းကမ်းချက်များအပြင် ဤဝန်ကြီးဌာနမှ အခါအားလျော်စွာထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

၄။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုမိန့်မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

၅။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့်ပယ်ဖျက်လျှင် သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

၁၄.၃.၂၀၂၄

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (က)

**Myanmar New Hope Farms Co., Ltd. မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အမှတ် (၃၃)၊ တိုက်ကြီး- ပဲခူးလမ်း၊ ညောင်အင်းကျေးရွာ၊ ဥသ္သာ (၅) ရပ်ကွက်၊ မြေဧရိယာ (၅.၇၉) ဧက ပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် တိရစ္ဆာန်အစားအစာ ထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Myanmar New Hope Farms Co., Ltd. မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အမှတ် (၃၃)၊ တိုက်ကြီး- ပဲခူးလမ်း၊ ညောင်အင်းကျေးရွာ၊ ဥသ္သာ (၅) ရပ်ကွက်၊ မြေဧရိယာ (၅.၇၉) ဧက ပေါ်တွင် အကောင်အထည် ဖော်ဆောင်ရွက်မည့် တိရစ္ဆာန်အစားအစာ ထုတ်လုပ်ခြင်းလုပ်ငန်း အတွက် စီမံကိန်းအဆိုပြုသူ၏ ၂၁-၁၁-၂၀၂၃ ရက်စွဲပါစာဖြင့် တင်ပြခဲ့သည့် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။


၂။ **စီမံကိန်းအဆိုပြုသူ။** Mr. Yonghao Liu၊ Director ၊ ဥသ္သာ (၅) ရပ်ကွက်၊ ညောင်အင်း ကျေးရွာ၊ တိုက်ကြီး - ပဲခူးလမ်း၊ အမှတ် (၃၃)၊ ပဲခူးမြို့နယ်၊ ပဲခူးခရိုင်၊ ပဲခူးတိုင်းဒေသကြီး၊ ဖုန်း- ၀၉၂၅၇၇၅၉၃၂၉၅၊ E-mail- wumaolin731106@126.com၊ 2653483830@qq.com ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် မြေဧရိယာ (၅.၇၉) ဧက ပေါ်တွင် ထုတ်ကုန် (၁၈)မျိုး (Pig Let, Pig Starter, Pig Grower, Pig Finisher, Pig Breeder, Pig Fatting Concentrate, Quail, Broiler Starter, Broiler Grower, Pro Broiler, Layer Starter, Layer Grower, Pre Layer, Layer Feed, Duck Feed, Fish Feed, Chick Booster, Sonali Chicken Grower) တို့အား ထုတ်လုပ်ကြောင်း၊ ထုတ်လုပ်မှုနည်းစဉ်မှာ ကုန်ကြမ်းစုဆောင်းခြင်း၊ ကုန်ကြမ်းများ ရောနှောခြင်း၊ အစာတောင့်ပြုလုပ်ခြင်း၊ အအေးခံခြင်းနှင့် ပါကင်ထုတ်ပိုးခြင်းတို့ ဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ **ကုန်ကြမ်းပစ္စည်းများ။** အဓိကအသုံးပြုမည့် ကုန်ကြမ်း (၅၂) မျိုးအား အမေရိကန်၊ ဘရာဇီးနှင့် မြန်မာနိုင်ငံတို့မှ ဝယ်ယူရရှိပြီး၊ နေ့စဉ်ကုန်ကြမ်း (၅၈၀)တန်၊ တစ်နှစ်လျှင် ကုန်ကြမ်း (၁၅၀,၀၀၀) အသုံးပြုကြောင်း၊ စီမံကိန်းလုပ်ငန်းအတွက် ရေအသုံးပြုရန်အတွက် စီမံကိန်းအတွင်းရှိ အဝီစိတွင်းမှ ရယူအသုံးပြုပြီး (၂၆၉၅) ဂါလန်ဆံ့ သိုလှောင်ကန် (၂)ခုဖြင့် ထားရှိသိုလှောင် အသုံးပြုကြောင်း၊ အထွေထွေသုံးရေအနေဖြင့် တစ်ရက်လျှင် (၁၀) တန်ခန့် အသုံးပြုကြောင်း၊ လျှပ်စစ်အသုံးပြုမှု အနေဖြင့် 1000 KVA ဖြင့် မဟာဓာတ်အားလိုင်းမှ ရယူသုံးစွဲပြီး လျှပ်စစ်ပြတ်တောက်သည့်အချိန်တွင် ဒီဇယ်အင်ဂျင်သုံး 750 KVA နှင့် 100 kVA မီးစက် (၂)လုံး အသင့်ထားရှိကြောင်း၊ လောင်စာဆီအား (၁၈)တန်ဆံ့သိုလှောင်ကန်ဖြင့် ထားရှိသိုလှောင် အသုံးပြုမည်ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အမှတ် (၃၃)၊ တိုက်ကြီး- ပဲခူးလမ်း၊ ညောင်အင်းကျေးရွာ၊ ဥသျှာ (၅) ရပ်ကွက်၊ မြေရေိယာ (၅.၇၉) ဧက ပေါ်တွင် တည်ရှိပါသည်။


**Myanmar New Hope Farms Co., Ltd. မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အမှတ် (၃၃)၊ တိုက်ကြီး- ပဲခူးလမ်း၊ ညောင်အင်းကျေးရွာ၊ ဥဿာ (၅) ရပ်ကွက်၊ မြေဧရိယာ (၅.၇၉) ဧက ပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် တိရစ္ဆာန် အစားအစာ ထုတ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ**



**Myanmar New Hope Farms Co., Ltd. မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အမှတ် (၃၃)၊ တိုက်ကြီး- ပဲခူးလမ်း၊ ညောင်အင်းကျေးရွာ၊ ဥဿာ (၅) ရပ်ကွက်၊ မြေဧရိယာ (၅.၇၉) ဧက ပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် တိရစ္ဆာန် အစားအစာ ထုတ်လုပ်ခြင်းလုပ်ငန်း၏ Layout Map**




**Myanmar New Hope Farms Co., Ltd. မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အမှတ် (၃၃)၊ တိုက်ကြီး- ပဲခူးလမ်း၊ ညောင်အင်းကျေးရွာ၊ ဥသျှာ (၅) ရပ်ကွက်၊ မြေဧရိယာ (၅.၇၉) ဧက ပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် တိရစ္ဆာန် အစားအစာ ထုတ်လုပ်ခြင်းလုပ်ငန်း၏ Factory Layout Plan**




**Myanmar New Hope Farms Co., Ltd. မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အမှတ် (၃၃)၊ တိုက်ကြီး- ပဲခူးလမ်း၊ ညောင်အင်းကျေးရွာ၊ ဥသျှာ (၅) ရပ်ကွက်၊ မြေဧရိယာ (၅.၇၉) ကေ ပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် တိရစ္ဆာန် အစားအစာ ထုတ်လုပ်ခြင်းလုပ်ငန်း၏**

**Production Layout Plan**




**Myanmar New Hope Farms Co., Ltd. မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အမှတ် (၃၃)၊ တိုက်ကြီး- ပဲခူးလမ်း၊ ညောင်အင်းကျေးရွာ၊ ဥသျှာ (၅) ရပ်ကွက်၊ မြေဧရိယာ (၅.၇၉) ကေ ပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် တိရစ္ဆာန်အစားအစာ ထုတ်လုပ်ခြင်းလုပ်ငန်း၏**

**Production Process Flow Diagram**



နောက်ဆက်တွဲ (ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းချက်များ**

**ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ Myanmar New Hope Farms Co., Ltd. မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အမှတ် (၃၃)၊ တိုက်ကြီး- ပဲခူးလမ်း၊ ညောင်အင်းကျေးရွာ၊ ဥသျှာ (၅) ရပ်ကွက်၊ မြေဧရိယာ (၅.၇၉) ဧက ပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် တိရစ္ဆာန်အစားအစာ ထုတ်လုပ်ခြင်းလုပ်ငန်း အတွက် စီမံကိန်းအဆိုပြုသူ၏ ၂၁-၁၁-၂၀၂၃ ရက်စွဲပါစာဖြင့် တင်ပြလာသော ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက် ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း များ၊ စာချုပ်များနှင့် သဘောတူညီချက်များ၊ အမျိုးသားနှင့် အပြည်ပြည်ဆိုင်ရာ စံချိန် စံညွှန်းများနှင့် လမ်းညွှန်ချက်များအပါအဝင် မူဝါဒနှင့် ဥပဒေရေးရာမူဘောင်များအား လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် မြေဧရိယာ (၅.၇၉) ဧက ပေါ်တွင် ထုတ်ကုန် (၁၈)မျိုး (Pig Let, Pig Starter, Pig Grower, Pig Finisher, Pig Breeder, Pig Fatting Concentrate, Quail, Broiler Starter, Broiler Grower, Pro Broiler, Layer Starter, Layer Grower, Pre Layer, Layer Feed, Duck Feed, Fish Feed, Chick Booster, Sonali Chicken Grower) တို့အား ထုတ်လုပ်ကြောင်း၊ ထုတ်လုပ်မှုနည်းစဉ်မှာ ကုန်ကြမ်းစုဆောင်းခြင်း၊ ကုန်ကြမ်းများ ရောနှောခြင်း၊ အစာ တောင့်ပြုလုပ်ခြင်း၊ အအေးခံခြင်းနှင့် ပါကင်ထုတ်ပိုးခြင်းတို့ ဆောင်ရွက်မည် ဖြစ်ပါ သည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကာဗွန်ထုတ်လွှတ်မှု လျှော့ချနိုင်ရေးအတွက် သစ်ပင်များ စိုက်ပျိုးသွားများ ဆောင်ရွက်ရန်၊

ပြည်ထောင်စု ဝန်ကြီးရုံး

(၂) စီမံကိန်းလုပ်ငန်းအတွင်း စွန့်ပစ်ပစ္စည်းများအား မီးရှို့ခြင်း မပြုရန် တားမြစ်ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းသုံးယာဉ်များ၊ မီးစက်များနှင့် အခြားစက်ပစ္စည်းများအား ပုံမှန်စစ်ဆေး၍ လေထုညစ်ညမ်းမှု လျှော့ချနိုင်ရေး ဆောင်ရွက်သွားရန်၊

(၄) မီးစက်များအတွက် လုံလောက်သည့် မီးခိုးခေါင်တိုင်အမြင့် တပ်ဆင်ထားရှိရန်၊

(၅) အဆောက်အဦများ ဖျက်သိမ်းနေစဉ် ဖုန်မှုန့်များ ပျံ့လွင့်မှု မရှိစေရန် ရေဖျန်းခြင်း ဆောင်ရွက်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) ရေမြောင်းများအား လုံလောက်သည့်အဖုံးအကာများ တပ်ဆင်ထားရှိရန်၊

(၂) စီမံကိန်းလုပ်ငန်းတွင် အသုံးပြုသည့် ဆီသိုလှောင်ကန်များအား ဆေးကြောရာတွင် ထွက်ရှိလာမည့် ဆီများအား စစ်ထုတ်နိုင်ရန် ကိရိယာများ တပ်ဆင်ထားရန်၊

(၃) အဆီစစ်ထုတ်သည့် ကိရိယာနှင့် မိလ္လာကန်တို့အား ပုံမှန်စစ်ဆေးရန်။

(င) **ဆူညံသံစီမံခန့်ခွဲမှု**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံမြင့်မားသည့် လုပ်ငန်းခွင်ရှိ လုပ်သားများအား တစ်ကိုယ်ရေကာကွယ်ရေး ပစ္စည်းများ ထောက်ပံ့ပေးရန်၊

(၂) ဆူညံသံလျှော့ချနိုင်သည့် စက်ပစ္စည်းများသာ ပိုမိုသုံးစွဲရန်၊

(၃) ဆူညံသံမြင့်မားသည့် စက်ပစ္စည်းများအား ပုံမှန်စစ်ဆေးရန်၊

(၄) ညအချိန်တွင် ဆူညံသံမြင့်မားမှု မရှိစေရေး ဂရုပြုဆောင်ရွက်ရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းအတွင်းရှိ အဆောက်အဦတစ်ခုချင်းစီတွင် အမှိုက်ပုံများ ထားရှိရန်၊

(၂) စွန့်ပစ်ပစ္စည်းများအား အမျိုးအစားခွဲခြား၍ ထားရှိပြီးမှသာ စွန့်ပစ်ရန်၊

(၃) စီမံကိန်းလုပ်ငန်းမှ ထွက်ရှိသည့် စွန့်ပစ်အမှိုက်များအား သက်ဆိုင်ရာ အမှိုက်သိမ်း ဝန်ဆောင်မှုဖြင့် ချိတ်ဆက်စွန့်ပစ်ရန်။

(ဆ) **အန္တရာယ်ဆိုးထွက်ရှိမှုဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်**။ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အနံ့ဆိုးထွက်ရှိမှု လျှော့ချနိုင်ရန်အတွက် ကုန်ကြမ်းသိုလှောင်ရုံအား အပူချိန်၊ စိုထိုင်းဆတို့ကို ထိန်းညှိဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းအတွင်းရှိ စွန့်ပစ်ပစ္စည်းများ မစွန့်ပစ်မီ သိုလှောင်ထားရှိသည့်နေရာမှ အနံ့ဆိုး ထွက်ရှိမှု မရှိစေရန် ကာကွယ်ဆောင်ရွက်ရန်၊

(၃) ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်သည့်နေရာတွင် လေဝင်လေထွက် ကောင်းမွန်သည့်စနစ်များ လုံလောက်စွာတပ်ဆင်ထားရှိရန်။

(ဈ) **ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ ထွက်ရှိမှုဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်သည့်စနစ်အား ပုံမှန်စစ်ဆေးရန်၊

(၂) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား လုပ်ငန်းခွင်ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ စွန့်ပစ်ရန်၊

(၃) ဓာတုပစ္စည်းပုံးခွံများအား ပြန်လည်အသုံးပြုနိုင်ရန် ဝယ်ယူသူများထံ ရောင်းချခြင်း သို့မဟုတ် သင့်လျော်သော နည်းလမ်းများဖြင့် စွန့်ပစ်ရန်၊

(၄) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား စည်ပင်သာယာရေးကော်မတီသို့ အကြောင်းကြား၍ စွန့်ပစ်ခြင်း။

(ည) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်သားများအား အရေးပေါ်အခြေအနေများအတွက် လေ့ကျင့်သင်ကြားပေးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊

(၂) လုပ်ငန်းခွင်အတွင်း လုပ်သားများ အလင်းရောင် လုံလောက်စွာ ရရှိစေရန် ဆောင်ရွက်ထားရှိရန်၊

(၃) လုပ်သားများအတွက် တစ်ကိုယ်ရည်သုံး ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးရန်၊

(၄) လျှပ်စစ်ဆိုင်ရာ ဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရန် ကျွမ်းကျင်ပညာရှင်များအား ပုံမှန်စစ်ဆေးရန် တာဝန်ချထားရန်။

(ဋ) **မီးဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရေးပေါ်မီးလောင်မှု အခြေအနေများအတွက် မီးသတ်ဆေးဘူးများ၊ မီးသတ်ပိုက်များ ထားရှိရန်၊

(၂) အရေးပေါ်ထွက်ပေါက်များနှင့် စုဝေးရမည့်နေရာများအား အမှတ်အသားပြုလုပ်ထားရှိရန်၊

(၃) စီမံကိန်းလုပ်ငန်းတွင် တပ်ဆင်ထားရှိသည့် မီးဘေးအန္တရာယ်ကာကွယ်ရေးပစ္စည်းကိရိယာများအား ပုံမှန်စစ်ဆေးသွားရန်၊

(၄) မီးဘေးအန္တရာယ်ဖြစ်ပွားလျှင် သိရှိနိုင်ရန် အရေးပေါ်အချက်ပြစနစ်များတပ်ဆင်ထားရှိရန်၊

(၅) ပင်မထွက်ပေါက်နှင့် လမ်းများအား စက်ပစ္စည်းများ၊ ကုန်ပစ္စည်းများဖြင့် ပိတ်မိခြင်း မဖြစ်ပေါ်စေရန် အထူးဂရုပြု ဆောင်ရွက်ရန်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့်စပ်လျဉ်း၍ $PM_{10}$, $PM_{2.5}$, $O_3$, $SO_2$ နှင့် $NO_2$ စသည့် Parameter များအား လုပ်ငန်းလည်ပတ်ချိန်ကာလတွင် (၁) နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၂) ရေအရည်အသွေးနှင့်စပ်လျဉ်း၍ EC, TDS, Turbidity, Biological Oxygen Demand (BOD), Chemical Oxygen Demand (COD), Oil and Grease, pH, Temperature Increase, Total coliform bacteria, Total nitrogen, Total phosphorus, Total suspended solids စသည့် Parameter များအား လုပ်ငန်းလည်ပတ်ချိန်ကာလတွင် (၁)နှစ်လျှင် (၂)ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၃) စီမံကိန်းဝန်းအတွင်း ဆူညံသံနှင့်တုန်ခါမှုအား အကြိုတည်ဆောက်ရေးကာလနှင့် တည်ဆောက်ရေးကာလတွင် (၁) နှစ်လျှင် (၂) ကြိမ်နှင့် လည်ပတ်ရေးကာလတွင် (၁) နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၄) စွန့်ပစ်ပစ္စည်း (Solid waste, Liquid waste and Hazardous waste) ထွက်ရှိမှုနှင့်သိမ်းဆည်းမှုအား လည်ပတ်ရေးကာလတွင် အပတ်စဉ်စောင့်ကြပ်ကြည့်ရှုရန်၊

(၅) အနံ့ဆိုးထွက်ရှိမှုအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်နှင့်အညီ တစ်နှစ်လျှင် (၂)ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၆) မီးဘေးလုံခြုံရေးအား လစဉ် စောင့်ကြပ်ကြည့်ရှုရန်၊

(၇) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအား အပတ်စဉ် စောင့်ကြပ်ကြည့်ရှုရန်။

(ဍ) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဎ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း ဒေသခံများမှ စီမံကိန်းဆိုင်ရာ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်နိုင်သည့်အခြေအနေများနှင့် ဒေသခံများ၏ အကြံဉာဏ်ရယူဆောင်ရွက်ရမည့်ကိစ္စရပ်များ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာအကျိုးဆက်စပ် ပတ်သက်သူ (Stakeholders)များ ပါဝင်လျက်ဆောင်ရွက်ရမည်။

(ဏ) **လျာထားအသုံးစရိတ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် ရန်ပုံငွေ (၇,၇၅၀,၀၀၀) ကျပ် သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလည်ပတ်ခြင်းကာလအတွင်း စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်အတွက် ရန်ပုံငွေ (၅,၇၀၀,၀၀၀) ကျပ် သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) စီမံကိန်းဖျက်သိမ်းခြင်းကာလအတွင်း စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်အတွက် ရန်ပုံငွေ (၁,၅၀၀,၀၀၀) ကျပ် သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) လူမှုတာဝန်သိအစီအစဉ် (CSR Activities) နှင့်စပ်လျဉ်း၍ နှစ်စဉ် အသားတင် အမြတ်ငွေ ၂% သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝလိုက်နာ ဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊

မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှု ဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)တို့နှင့် စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်း အစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ဆောင်ရွက် ရာတွင် ရေရှည်တည်တံ့သော၊ ကာဗွန်ထုတ်လွှတ်မှု လျော့ကျစေသော၊ ဖန်လုံ အိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျော့ကျစေသော ထုတ်လုပ်မှု နည်းပညာများ၊ ကောင်းမွန်သော ထုတ်လုပ်မှု အလေ့အကျင့်ကောင်းများ (Good Manufacturing Practices- GMP) ကိုမြှင့်တင်ဆောင်ရွက်ရန်၊ မှန်လုံအိမ်ဓာတ်ငွေ့ ထွက်ရှိနိုင်သော ရုပ်ကြွင်းလောင်စာ သုံးစွဲမှုကို ယာဉ်၊ ယန္တရားအမျိုးအစား အလိုက် လစဉ် သုံးစွဲမှုခန့်မှန်းချက် ထည့်သွင်းပြုစုရန်၊ GHGs အထူးသဖြင့် $CO_2$ စုပ်ယူ ဖယ်ထုတ်နိုင်မည့် သစ်တောထိန်းသိမ်း ကာကွယ်ခြင်း၊ သစ်ပင် စိုက်ပျိုးခြင်း အစီအစဉ်များ ရေးဆွဲပြုစု ဆောင်ရွက်ရန်၊ ရာသီဥတုပြောင်းလဲမှု ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှောင်လှုပ်ခြင်း ကဲ့သို့သော သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရေး၊ ပျက်စီးဆုံးရှုံးမှု လျှော့ချနိုင်ရေးအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင် ဆောင်ရွက် ရမည်၊

(၂) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိ လာသော စွန့်ပစ်ပစ္စည်းများအား မြေဖို့ခြင်းနှင့် လေဟာပြင် မီးရှို့ခြင်း မပြုဘဲ စနစ်တကျ စွန့်ပစ်ရန်၊

(၃) စီမံကိန်းလုပ်ငန်းမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအား ပလတ်စတစ်အမှိုက်၊ အမှိုက်စို၊ အမှိုက်ခြောက်နှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းဟူ၍ အမျိုးအစား လေးမျိုး ခွဲခြားစွန့်ပစ်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာဌာနက စွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံ ထားရှိရန်၊

(၅) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု မရှိစေရေး လိုက်နာဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၆) စီမံကိန်းမှထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၇) စီမံကိန်း၌ ကုန်ကြမ်းသိုလှောင်သည့်နေရာ (Storage Area) မှ ထွက်ရှိမည့်စွန့်ပစ်အမှိုက်များ၊ ထုပ်ပိုးခြင်းလုပ်ငန်းစဉ် (Packaging Process) မှ ထွက်ရှိမည့်ပလတ်စတစ်စွန့်ပစ်ပစ္စည်းများနှင့် မိလ္လာအညစ်အကြေးများအား ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး စနစ်တကျ စွန့်ပစ်သွားရန်၊

(၈) ရေဆိုးသန့်စင်စနစ်မှ ထွက်ရှိသော အဆီအခဲများအား ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စနစ်တကျ စွန့်ပစ်ဆောင်ရွက်ရန်၊

(၉) ဘွိုင်လာ အသုံးပြုခြင်းမှ ထွက်ရှိသည့် အမှုန်အမွှားနှင့် ဓာတ်ငွေ့ထုတ်လွှတ်မှုများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး လိုက်နာဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရမည်၊

(၃) စွန့်ပစ်ရေအရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၁.၂ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) လေအရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၁.၁ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၅) စီမံကိန်းလုပ်ငန်းနှင့် ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ဂ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** အစိုင်အခဲ စွန့်ပစ်ပစ္စည်းများ သယ်ယူအသုံးပြုမှု၊ သိုလှောင်မှု၊ စွန့်ပစ်မှုများကြောင့် လုပ်ငန်းခွင်နှင့် အနီးဝန်းကျင်အပေါ် ညစ်ညမ်းမှုမရှိစေရေး စီမံဆောင်ရွက်ရမည် ဖြစ်ကြောင်းနှင့် Domestic Wastewater များအား စနစ်တကျ သန့်စင်၍ NEQEG Guideline အထွေထွေ လမ်းညွှန်ချက်များ အပိုဒ် (၁.၂) အတွင်းရှိစေပြီး ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုမရှိစေရေး စနစ်တကျ သန့်စင်ဆောင်ရွက်ပြီးမှသာ စွန့်ပစ်ရန်နှင့် စွန့်ပစ်ရေ စွန့်ပစ်မှုများနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ များ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်ရမည်။

(ဃ) **ကုန်ကြမ်းပစ္စည်းများ တင်သွင်းခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကုန်ကြမ်းပစ္စည်းများ ရယူမှုနှင့်စပ်လျဉ်း၍ ပြည်ပနိုင်ငံများမှ တင်သွင်းရာတွင် ပြည်တွင်းပြဋ္ဌာန်းဥပဒေများနှင့် နိုင်ငံတကာ သဘောတူညီချက်များနှင့်အညီ လိုက်နာတင်သွင်းရမည် ဖြစ်ကြောင်းနှင့် လုပ်ငန်းအတွက် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများနှင့် ဓာတုပစ္စည်းများ သယ်ယူပို့ဆောင်မှု၊ သိုလှောင်မှု၊ ကိုင်တွယ်အသုံးပြုမှုနှင့် စွန့်ပစ်မှုတို့ ဆောင်ရွက်ရာတွင် Material Safety Data Sheet ပါ စည်းကမ်းသတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များနှင့် သက်ဆိုင်ရာဌာန စည်းကမ်းသတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(င) **လေအရည်အသွေး စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအလုပ်သမားများအတွက် လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ Indoor Air Quality Monitoring Device တပ်ဆင် ဆောင်ရွက်ရမည် ဖြစ်ကြောင်းနှင့် Air Condition နှင့် အခြား Gas အသုံးပြုသည့်ပစ္စည်းများအတွက် Gas

အသုံးပြုရာတွင် ပတ်ဝန်းကျင်၊ ရာသီဥတုနှင့် လူမှုဝန်းကျင်အပေါ် သက်ရောက်မှု နည်းသော Gas အမျိုးအစားအား အသုံးပြုဆောင်ရွက်ရမည်။။

(စ) **ရေသုံးစွဲမှု စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ရေအရင်းအမြစ် အသုံးပြုမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့နှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စည်းကမ်းချက်၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် Waste Water များအား စနစ်တကျ သန့်စင်၍ Guideline အတွင်းရှိစေပြီး ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုမရှိစေရေး ဆောင်ရွက်ပြီးမှသာ စွန့်ပစ်ရန်နှင့် စွန့်ပစ်ရေစွန့်ပစ်မှုများနှင့် ပတ်သက်၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်ရမည်။

(ဆ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံ ခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေးကြပ်မတ်ဆောင် ရွက်ရမည်။

(ဇ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းကမ်း သတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက် စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းတို့ကို ဆောင်ရွက်ရမည်။

(ဈ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်း အဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောက်အယှက်များ၊ ပတ်ဝန်းကျင် သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ည) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ တစ်ဖက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄)နာရီအတွင်း လည်းကောင်း၊ အခြား

အကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက် အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာတင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့်ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်းအထောက်အထားများပါဝင်သည့် စီမံကိန်း၏အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(၄) **ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့်နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(၅) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊

အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရမည်။

(ဃ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(င) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့်ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော် ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှ စာဖြင့်သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက် မှ (၁၀) ရက် အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ

ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀)ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေ နမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(ဖ) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်။

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်း မပြုလျှင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရမည်။

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်ဖက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ကနဦးပတ်ဝန်းကျင်

ဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှု မရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည်ပြု ခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက် များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိ သာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချ နိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက် မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/စည်းကမ်းချက်များသည် ဆိုးကျိုး သက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာရန်ပုံငွေနှင့် စပ်လျဉ်း၍ အောက်ပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ် ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်

ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေး ထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထား အသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီး ဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ် ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်း လက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှု မရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

-----------------------------------------------------